

စိတ်ကူးချိုချိုစာပေ
ရဲခေါင်
ညှောင်းရှက်လေချို
ဒုတိယအကြိမ်

mgyoe.com

ရဲခေါင်

# ညောင်းရွက်လေချို



ISBN 9789997118271
FIC145
9 789997 118271
1,800.00KS

mgyoe.com

ညောင်းရွက်လေချို့ ရဲခေါင်
မျက်နှာဖုံးပန်းချီ - (ပထမအကြိမ်ထုတ်မှ)
စာမျက်နှာ ၉၄ မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၀ · ၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဩဂုတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ညောင်းရွက်လေချိ

## ရဲခေါင်

ဒုတိယအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အပိုင်း ( ၁ )

ဝင်ဒါမီယာဥယျာဉ်အတွင်းမှ ညင်သာစွာကွေ့၍ ထွက်လာသော နှစ်ယောက်စီး မော်တော်ကားကလေးသည် လက်ယာဘက်သို့ ဦးလှည့်လိုက်၏။ လုံးဝချမ်းသာသူများ မဟုတ်သည့်တိုင်အောင် အဖျင်းဆုံးအားဖြင့် ငွေဘက်ကဆိုလျှင် ကြွယ်ဝသူများဟု ခေါ်ဆိုရသော၊ ထိုအနီးအနားရှိ လူသိုက်တို့ နေ့စဉ်နှင့်အမျှ ရှူရှိုက်နေရသည့် ကြည်သင်းရနံ့တို့ကို ဖောက်ထွင်း၍ မောင်းနှင်သွား ခဲ့သူကား အသက် (၃၀) ကျော်ခန့် မိန်းမချောတစ်ဦးပင် ဖြစ်လေသည်။

အတွင်းသိများကသာ ၎င်းအား အသက် (၃၀) ကျော်ဟုဆိုကြမည်ဖြစ်သော်လည်း အများအားဖြင့် ၎င်းအား အသက်အစိတ်အောက်ဟု ခန့်မှန်းခြေပေးလေ့ရှိကြသည်ကို ထောက်ချင့်ခြင်းအားဖြင့် အဆိုပါအမျိုးသမီးမှာ အဘယ်မျှ နုပျိုနေသေးသည်ကို တွေးတောကြံဆနိုင်ကြမည်ဖြစ်လေသည်။

မော်တော်ကားသည် ကုန်းမြင့်ကို မှန်မှန်ကလေးတက်သွားကာ လမ်းညီညွတ်ပြေပြစ်လာသည်နှင့်တစ်ပြိုင်နက် အရှိန်ပြင်းထန်စွာဖြင့် ပြေးလေတော့သည်။ လမ်းဆုံရောက်သော် ဘက်ထရီဟွန်းကို ကျယ်လောင်စွာနှိပ်ရင်း ပြည်လမ်းတစ်လျှောက် ရှေ့ရှုသွားလေသည်။ အခြားမော်တော်ကား မောင်းသူများမှာ ရုတ်တရက်အားဖြင့် ဒေါပွသွားသည့်တိုင်အောင်၊ မိန်းမသားတစ်ယောက်ဖြစ်သည့်အတွက် မည်သို့မျှ မပြောနိုင်ဘဲ၊ မိမိတို့သွားမြဲလမ်းများသို့ ဆက်လက်သွားကြလေသည်။

နှစ်ယောက်စီးကားဝါကလေးသည် ပြည်ကျောင်းဆောင်၊ တကောင်းကျောင်းဆောင်စသော တက္ကသိုလ်ကျောင်းဆောင်များသို့ ရောက်လာသည်နှင့် အရှိန်နည်းသွား

mgyoe.com

လေသည်။ ကားမောင်းသူအမျိုးသမီးမှာလည်း ငေးတေးတေး ကလေးဖြစ်သွားလျက် ကျောင်းသားများအား ပြောက်ကျားပြောက်ကျားမြင်နိုင်သည့် ကျောင်းဆောင်နှစ်ဆောင်ကို လှမ်း၍ကြည့်မိလေသည်။

ထိုခဏ၌ ကားတစ်စီးသည် ကားဝါကလေးကိုကျော်၍ အတက်ငေးနေသော ကားမောင်းသူအမျိုးသမီးကြောင့် ကားဝါကလေးမှာ လက်ယာဘက်သို့ ယိမ်းထိုးလာလေရာ ကျော်တက်သည့်ကားမှာ၊ တစ်ဖက်မှကားတစ်စီးနှင့်ဝင်၍ တိုးလုခမန်းဖြစ်သွားလေသည်။

ကျော်တက်မိသည့် ကားပိုင်ရှင်လူဝဝကြီးမှာ အတော်ဒေါသထွက်သွားလေသည်။ ထို့အတွက် နောက်တစ်ကြိမ်ကျော်တက်သည့်အခါတွင်

"ဟေ့သူငယ်မရဲ့။ ကားမောင်းတာလည်း လမ်းကြည့်ပြီး မောင်းစမ်းပါဦး..."

ဟု လှမ်း၍အပြော၊ အဆိုပါသူငယ်မအခေါ်ခံရသူသည် ထိုလူကြီးဘက်သို့ လှည့်ကြည့်လေသည်။ လူဝဝကြီး၏ပြောစကားကို မကြားသေးသဖြင့်လည်း

"ရှင်... ဘာအမိန့်ရှိပါသလဲ"

ဟု ပြန်မေးလိုက်လေသည်။ သို့ရာတွင် လူဝကြီးကား ထပ်မပြောတော့ဘဲ မိမိ၏ကားမောင်းသူအား လျင်မြန်စွာ မောင်းခိုင်းလိုက်သည်။ အကြောင်းသော်ကား သုံးရက်လမျက်ခုံး၏အောက် ကော့ညွတ်သော မျက်တောင်တို့ဖြင့် တန်ဆာဆင်သော ကောင်းကင်ပြာမျက်လုံးတို့မှာ မျက်ရည်တို့ဖြင့် အတိရွှမ်းနေသောကြောင့်တည်း။

နှစ်ယောက်စီးကားဝါကလေးသည် အင်းစိန်နှင့်ပြည်လမ်းဆုံသို့ ရောက်လာသည်နှင့် ကားမောင်းသူမှာ စိတ်ဒွိဟဖြစ်နေသလို အရှိန်တန့်သွားပြီးမှ အင်းစိန်လမ်းဘက်သို့ ဗွတ်အတင်းချိုးဝင်သွားလေသည်။

အကယ်၍သာ ထိုကားဝါကလေးသည် ပြည်လမ်းဘက်သို့လည်း ချိုးကွေ့လိုက်မည်။ ရိပ်သာ... ဟူသော ခြံကြီးရှေ့၌လည်း ထိုးရပ်လိုက်မည်ဆိုပါက...

"ညောင်းလေပြည်ပက်ဖျန်း ဘယ်လိုရည်ညွှန်းလို့ လွမ်းဖွယ်ဖန်တယ်၊ မာလာငုံဖူးပွင့်ပန်းတို့ လန်းဆန်းလို့ မွှေးကာကြူတော့တယ်..."

အဆိုကလည်းပိုင် တီးလုံးလည်းပြိုင်သောကြောင့် ကြားမိသူတိုင်း နားစွင့်နေမိကြသည့်တိုင်အောင် ပြောင်လက်နေသော စန္ဒရားရှေ့တွင်ထိုင်လျက် ခေါင်းကလေးကို ငုံ့ကာ၊ စောင်းကာနှင့်ဆိုနေသောသူကား အသက် ၁၄ နှစ်ခန့်မျှသာရှိဦးမည့် လုလင်ကလေးတစ်ယောက်ဖြစ်လေသည်။

mgyoe.com

အိစက်ညက်ညောသော ဆိုဖာကြီးများပေါ်တွင် ထိုင်ကာနေကြသောမိဘနှစ်ပါးကား သားငယ်အား နှစ်ထောင်းအားရစွာ ရွှန်းရွှန်းစားစားကြီး ကြည့်နေကြသည်။ သားဖြစ်သူ မောင်သန်းဆွေကား ငယ်စဉ်ကတည်းက ဝါသနာ အလျောက် ဗီဇအလျောက် အတီးအမှုတ်ဘက်လိုက်စားကာ စန္ဒရားကို ဖိဖိစီးစီး အတီးသင်ခဲ့သဖြင့် ယခုကဲ့သို့ လက်သံပြောင်နေခြင်း ဖြစ်လေသည်။

"ညိုညိုရှိတောင် ထိပ်ဖျားက ကြွားလှတဲ့ရေတံခွန်ရယ် ယဉ်ယဉ်ငယ်တွေတွေ ကျတယ်–အလှထိပ်ခေါ်ရမှာလားကွယ်..."

စားပွဲတင်ပန်ကာကလေးသည် ကလေး၏ ပိုးရှပ်အင်္ကျီကလေးကို လှုပ်ရှားစေ၏။ ဆံစကလေးများကိုလည်း ရွေ့လျားစေကာ နဖူးပေါ်သို့ဝဲကျလာစေ၏။ စားပွဲပေါ်မှ နှင်းဆီပွင့်များသည်လည်း မငြိမ်မသက်ရှိကြသည်။

နှင်းဆီပွင့်များမှ ကြိုင်ကြိုင်သင်းသော မွှေးရနံ့တို့သည် ဦးမင်းညိုနှင့် ဒေါ်ဒေါ်ကြည်တို့အား သိုင်းခြုံနေကြကုန်သည်။ ဦးမင်းညိုလည်း မောင်သန်းဆွေကို ကြည့်နေရာမှ ဒေါ်ဒေါ်ကြည်ဘက်သို့အလှည့်၊ ဇနီးသည်၏မျက်လုံးများ မျက်ရည်ရွှမ်းနေသည်ကို တွေ့ရလေသည်။

အဘယ်ကြောင့် ဤသို့မျက်ရည်ဝိုင်းနေသည်ကို ဦးမင်းညိုကောင်းစွာ သိ၏။ သူပင်လျှင် စိတ်ကိုအတော်ထိန်းထားရဟန်တူသည်။ လွန်ခဲ့သော ၁၄ နှစ်ခန့်က အဖြစ်အပျက်များသည် သူတို့နှစ်ဦး၏အသည်းနှလုံးများ၌ ပူပူနွေးနွေးကြီး ထင်နေဆဲ ဖြစ်တော့သည်။ သို့တစေလည်း ဒေါ်ဒေါ်ကြည်အား လက်ဝဲလက်ဖြင့် ကြင်နာစွာ ဖက်လိုက်ကာ။

"အို... မင်းကလည်းကွယ်။ ကလေးသိရင် စိတ်မကောင်းအောင်"

ဟု လေသံသဲ့သဲ့နှင့်ပြောလိုက်မှ ဒေါ်ဒေါ်ကြည်လည်း ပဝါဖြူကလေးဖြင့် စို့နေသော မျက်ရည်ဥများကို ပယ်ရှားပစ်လိုက်သည်။ ပြီးလျှင် မောင်သန်းဆွေအား မကြည့်တော့ဘဲ ဆေးဝါနှသုတ်ထားသော အုတ်နံရံကိုသာ ငေးကြည့်နေလေသည်။

ဤ "ချစ်စမ်းယဉ်" သီချင်းကို ကြားရတိုင်း ဒေါ်ဒေါ်ကြည်၏အသည်းဆိုင်များမှာ ကြေမွသွားတော့မတတ် အဆွေးမာန်ကြွလေသည်။ လွန်ခဲ့သော ၁၄ နှစ်မှ အဖြစ်အပျက်များကို ပြန်ပြောင်းတွေးလိုက်တိုင်း အသက်ရှူများပင် မှားမှားသွားကာ ဖန်လာသောကံကြမ္မာ၏ ဆန်းကြယ်ပုံကို နားမလည်နိုင်အောင် ဖြစ်နေရှာလေသည်။

ထို ၁၄ နှစ်၏ဟိုဘက်ဆီက အဖြစ်အပျက်တို့သည် ပျော်ဖွယ် ရွှင်ဖွယ် ကြည်နူး

ဖွယ်အဖြစ်ပေါင်းစုံများဖြင့် အတိလွှမ်းသည့်တိုင်အောင် ယခုအချိန်အခါမှာကား စိတ်မချမ်းမြေ့ဖွယ်ရာများဖြင့် အတိပြီးတော့သည်။ ထိုအဖြစ်အပျက်များကို မေ့ပစ်လိုက်သည့်တိုင်အောင် နေ့စဉ် ချစ်မြတ်နိုးနေရသော မောင်သန်းဆွေ ကလေး၏အသွင်သည် "ဒီအဖြစ်ကို မမေ့နဲ့" ဟု ဖော်ပြထားဘိသည်နှင့်မခြား တူညီလှပေသည်။

"ဟိုတုန်းကလေ ချစ်ပင်ဝေ ပန္နက်စွဲလို့ အသည်းထဲလှိုက်ဖိုချစ်ငွေ့ပို တယ်... တူနှစ်ကိုယ်အတူတွဲလို့ သာသာယာယာ စမ်းနံဘေးဝယ် အေးမြတဲ့ချို အေးကြွယ် ရွှင်ရွှင်ကြည်ခဲ့တယ်..."

သာယာသောအသံ၊ ဝေဆာသောတီးလုံး၊ နှလုံးကြည်စေသော သာယာမှုတို့ဖြင့် ပြီးသည့်အချိန်အခါဟု တေးပရိသတ်က မှတ်ချက်ချလောက်သည့်တိုင် အောင် ဒေါ်ဒေါ်ကြည်အဖို့ကား ဤမည်သောအသံ၊ ဤမည်သော သာယာမှုတို့ကို မကြားမမြင်သည့် အသွင်ဆောင်နေလေတော့သည်။

စန္ဒရားသံသည် မြုန်းခနဲရပ်သွား၏။ မူမမှန် မသေချာသော လက်ချောင်းကလေးတို့သည် စန္ဒရားခလုတ်ကလေးများကို စမ်းနေသည်။ အသံများလည်း "ကြောင်" နေသည်။

"ဟာ...ဒီနေရာ တီးကွက်မေ့နေပြန်ပါပြီ။ ဓာတ်ပြားဖွင့်ကြည့်ဦးမှပဲ"

ကလေးသည် ထိုင်နေရာမှထ၏။ ဓာတ်စက်ဆီသို့ အပြေးကလေးပြေးသွားကာ ဓာတ်စက်အောက် ဓာတ်ပြားဗီရိုတွင်းမှ ဓာတ်ပြားသေတ္တာတစ်ခုကို ဆွဲထုတ်လိုက်၏။ ထိုဓာတ်ပြားကား လွန်ခဲ့သော ဆယ့်သုံးလေးနှစ်ခန့်က အသံသွင်းခဲ့သော ချစ်စမ်းယဉ်သီချင်းဓာတ်ပြားဖြစ်လေသည်။

"လူကလေး... မောင်သန်းဆွေ"

မောင်သန်းဆွေသည် ဓာတ်ပြားကို လက်ကကိုင်ရင်း ဒေါ်ဒေါ်ကြည်ဘက်သို့ လှည့်ကြည့်လိုက်သည်။

"ဘာလဲ မေမေ..."

မောင်သန်းဆွေသည် အနီးသို့ရောက်လာ၍ ဒေါ်ဒေါ်ကြည်၏ပေါင်ပေါ်တက်ထိုင်လိုက်သည်။ သူ့မိခင်၏ မသာယာသောမျက်နှာကို တွေတွေကလေးကြည့်နေသည်။

"မေမေ နေမကောင်းဘူးလား"

"ကောင်းသားပဲ။ လူလေး ဒါလောက်တီးနေရတာ မမောဘူးလား"

mgyoe.com

"ဟာ... ဘယ်မောမလဲမေမေရဲ့၊ ကျွန်တော် ဒီ "ချစ်စမ်းယဉ်" ကိုသာ တီးရမယ်ဆိုရင်လေ... တစ်ထိုင်တည်း ဆယ်ခေါက်တီးမတီးရ"

ဒေါ်ဒေါ်ကြည်သည် ဦးမင်းညိုအား ဖျတ်ခနဲလှမ်း၍ကြည့်လိုက်မိလေ သည်။ ဦးမင်းညိုနှင့် အကြည့်ချင်းဆုံနေ၏။ ပြီးသော် ဓာတ်ပြားပေါ်သို့ စက္ခုအာရုံ စိုက်သွားလေရာ

"သီဆိုသူ အဆိုကျော်ခင်ခင်ငွေ၊ ကိုတင်ဝင်းတူရိယာအဖွဲ့" ဟူသော စာလုံးများကို သွား၍တွေ့ရလေသည်။

"နေပါဦးကွယ့်...ဒါက လွန်ခဲ့တဲ့ ဆယ့်လေးငါးနှစ်လောက်က သီချင်း ပဲ။ ရှေးမကျဘူးလား။ အခုနောက်ဆုံးပေါ်နေတဲ့ လှဲဝင်းသဏ္ဍာတို့၊ ဆောင်ကြာဖွေဦး တို့ကို မကြိုက်ဘူးလား။ နုရီတို့၊ နှင်းနွယ်တို့ ဆိုကြတာတွေလေ"

"လှဲဝင်းသဏ္ဍာတို့၊ ဆောင်ကြာဖွေဦးတို့လည်း ကောင်းကြတာပါပဲ။ ဒါပေမဲ့ "ချစ်စမ်းယဉ်"ကိုတော့ မမီနိုင်ဘူးထင်တယ်။ ဟောဒီ အဆိုကျော် ခင်ခင်ဝေဆိုတဲ့ အသံကို ကြားရရင် ကျွန်တော့်စိတ်ထဲသိပ်သာယာတယ်လို့ကို ထင်တာပဲ။ကိုတင်ဝင်း တူရိယာအဖွဲ့က ပီယာနိုသံကလည်း သိပ်ကောင်းတယ်။ ကျွန်တော်ဖြင့် နားထောင်ရတာ ရိုးကိုမရိုးဘူး။ နားထောင်ရင်း ရင်ထဲတလှပ်လှပ်နဲ့ ဖြစ်ဖြစ်လာ တာပဲ။ အခုလို အချိန်မျိုးဆိုရင်..."

ဦးမင်းညိုသည် ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေလေသည်။ ဒေါ်ဒေါ်ကြည်ကား အိပ်ခန်းထဲသို့ ဝင်သွားလေသည်။ ဦးမင်းညိုအတွက်မူ သတင်း စာကြီးတစ်စောင်ဖြင့် မျက်နှာကိုကွယ်ထားလေသည်။ အမှန်အားဖြင့် သူသည် စာထဲ၌ စိတ်မဝင်။ အတွေးနယ်ချဲ့လျက်သာ ရှိလေသည်။ ပတ်ဝန်းရံသမျှအရာ တို့ကို မမြင်ဟန်၊ ဂရုမစိုက်ဟန်ဆောင်နေသည့်တိုင်အောင် အခန်းတွင်းမှ ဒေါ်ဒေါ် ကြည်ကား ခေါင်းအုံးပေါ်၌ မှောက်လျက်သားငိုနေမည်ကို သူသိလေသည်။

သူ၏မျက်စိထဲတွင်လည်း မှုန်မွှားသော ရှေးဖြစ်စဉ်သည် ရေးရေးမျှမှ သေချာ ပေါ်၍ပေါ်၍လာသည်။ ပေါ်လာသမျှကို သူကြိုးစား၍ ဖျောက်သည်၊ မရ။

မရသည့်အပြင် ဓာတ်စက်ဘက်မှ...

"ဟိုတုန်းကလေ... ချစ်ပင်ဝေပန္နက်စွဲလို့..."



mgyoe.com

mgyoe.com

# ( ၂ )

ဦးမင်းညိုမှာ နာမည်ကျော်ဝတ်လုံတော်ရကြီးတစ်ဦးဖြစ်၍ လူပေါင်းဆံ့သူဖြစ်သည့်အလျောက် မသိသူရှားရှား။ မုန်းသူအလျဉ်းမရှိသလောက်ဖြစ်သော ပုဂ္ဂိုလ်ကြီးတစ်ယောက်ဖြစ်လေသည်။ ထိုကဲ့သို့ပင် ဒေါ်ဒေါ်ကြည်၏ပွဲလယ်တင့်ခြင်း၊ လိမ္မာရေးခြားရှိခြင်း၊ ဖော်ရွေခြင်း၊ မိန်းမမြတ်တို့၏ ဂုဏ်သိက္ခာတို့နှင့်ပြည့်စုံခြင်းစသည်တို့သည် သတင်းရနံ့သင်းပျံ့နေစေလေသည်။

၎င်းတို့နေထိုင်ကြသော ရိပ်ခြံကြီးမှာ ဒေါ်ဒေါ်ကြည်တို့မိဘများဘက်မှ ကျန်ရစ်သောအမွေအနှစ်ဖြစ်သည်ဟူသော အချက်မှတစ်ပါး သူတို့၏အခြား အတွင်းရေးများကိုလည်း စုံစမ်းနိုင်ရန် ခဲယဉ်းလှပေသည်။

ဝတ်လုံတော်ရကြီး ဦးမင်းညိုတို့၏ခြံကြီးမှာ စိုပြည်သာယာသလောက် အိမ်ကြီးမှာလည်း တင့်တယ်ခမ်းနားလှပေသည်။ ပြင်ပကအမြင်တွင် နေချင့်စဖွယ်ဖြစ်သလောက်အတွင်း၌လည်း နှစ်လိုဖွယ်ရာဖြစ်လေသည်။ အမှန်ကိုဆိုရလျှင် အပြင်မှကြည့်သောသူများသည် ဦးမင်းညိုတို့သားအမိ၊ သားအဖသုံးယောက်မှာ အထူးပျော်ကြလိမ့်မည်ဟု ယုံကြည်မိကြလေသည်။ သို့ရာတွင် ဦးမင်းညိုနှင့် ဒေါ်ဒေါ်ကြည်တို့နှစ်ဦး၏ ရင်ထဲ၌တစ်ချက်ချက်သွားနေသော နာရီစက်ကဲ့သို့ စက္ကန့်မလပ်ရအောင် ရင်လေးစေသောကိစ္စတစ်ရပ်လည်း ရှိလေသည်။

ထိုကိစ္စကို မေ့ပျောက်ပစ်ရန်မှာ မဖြစ်နိုင်သလောက်ပင်ဖြစ်နေလေတော့သည်။ အဘယ့်ကြောင့်ဆိုသော် ထိုကိစ္စကို သတိပေးနေသည့် "ချစ်စမ်းယဉ်" သီချင်းသံကား

mgyoe.com

mgyoe.com


တစ်နေ့မပြတ်ပေါ်ထွက်နေသောကြောင့်ဖြစ်လေသည်။

တစ်ခါက စကားကြောအလွန်ရှည်သော မိန်းမကြီးတစ်ယောက်လာ၍ လည်ရာ၌ ချစ်စမ်းယဉ်သီချင်းကြောင့် ဒေါ်ဒေါ်ကြည်မျက်နှာပျက်သွားလေသည်။ ၎င်း၏အကျင့်အတိုင်း စကားများသော အဆိုပါ မင်းကတော်သည် ဒေါ်ဒေါ်ကြည်အား အကြောင်းစုံလိုက်မေးမိသည်မှစ၍ မိတ်ပင်ပျက်ခဲ့ဖူးလေသည်။

ထိုသီချင်းသံကို မိခင်ဖြစ်သူ ဒေါ်ဒေါ်ကြည်က ကြောက်သလောက် သားဖြစ်သူ မောင်သန်းဆွေက နှစ်သက်လေသည်။ စန္ဒရားတီးတတ်ခါစမှစ၍ ချစ်စမ်းယဉ်သီချင်းကို လေ့ကျင့်ခဲ့သည်။ သို့ရာတွင် စန္ဒရားသင်ပေးသူ ဒေါ်ဒေါ်ကြည်က 'မတီးတတ်ကြောင်း' ပြောသဖြင့် ကျကျနနမသင်ခဲ့ရရှာပေ။

တစ်ခါတုန်းက မောင်သန်းဆွေသည် အပျင်းဖျား၍ အိပ်ရာထဲတွင် လဲနေရာ ချစ်စမ်းယဉ်သီချင်းသံကို ရေဒီယိုမှကြားရလေသည်။ ကြားလိုက်သည်နှင့် တစ်ပြိုင်နက် လူးလှိမ့်နေရခြင်းတို့မှ ငြိမ်သက်လျက် ဆိတ်ဆိတ်ကလေးနားစွင့်နေကာ သီချင်းအဆုံးတွင် အိပ်ပျော်သွားခဲ့ဖူးလေသည်။ နံနက်တွင် လုံးဝအဖျား ပျောက်သွားလေသည်။

ထိုအချက်ကိုစွဲ၍လည်း ချစ်စမ်းယဉ်သီချင်းကို ဆတက်ထမ်းပိုးတိုး၍ နှစ်သက်လာခြင်းဖြစ်လေသည်။

ယင်းသို့ မောင်သန်းဆွေနှင့် ချစ်စမ်းယဉ်သီချင်းတို့ စွဲစွဲမြဲမြဲဖြစ်လာကြသလောက် မိဘနှစ်ပါးမှာ အနေရကျပ်လာကြလေသည်။

အကြောင်းမှာ ချစ်စမ်းယဉ်သီချင်းသည် မောင်သန်းဆွေနှင့် ပိတ်ဖုံးထားသော အရာတစ်ခုတို့၏အကြားမှ ပေါင်းကူးတံတားကြီးဖြစ်နေသောကြောင့် ဖြစ်လေသည်။

ထိုအတွက် နောက်နေ့နံနက် လက်ဖက်ရည်ဝိုင်းတွင် ဦးမင်းညိုကပင် စတင်အကြံပေးသည့်အတိုင်း မောင်သန်းဆွေအား ဘုရားလည်းဖူး၊ လိပ်ဥလည်း တူးဆိုသလို ပညာလည်းသင်၊ ဝုက်ရာလည်း မမြင်အောင် ဒါဂျီလင်သို့ ပညာသင်လွှတ်ရန် ဆုံးဖြတ်မိကြလေသည်။

မောင်သန်းဆွေအဖို့မှာကား အခြားတွယ်တာမှုများမရှိ မိဘများနှင့်ခွဲရမည်မှာလည်း ပညာရေးအတွက်ဖြစ်၍ စိတ်ဖြေကာ အလွယ်တကူလိုက်လျောသဖြင့် ဦးမင်းညိုနှင့် ဒေါ်ဒေါ်ကြည်တို့မှာ ပျော်၍မဆုံး တပြုံးပြုံးဖြစ်နေကြလေသည်။ ၎င်းတို့၏တွက်ကိန်းအရ ပြန်လာလျှင် ချစ်စမ်းယဉ်ကို မေ့လာမည်။ မေ့လာလျှင် ကျေနပ်ဖွယ်တစ်ရပ်ဟု တွက်ဆမိကြလေသည်။

mgyoe.com

mgyoe.com


ထို့ကြောင့် မောင်သန်းဆွေ၏တောင်းပန်ချက်အရ ကျောင်းကပွဲအပြီးတွင် ဒါဂျီလင်သို့ လွှတ်ရန် စီစဉ်လိုက်လေသတည်း။

"ပို့စမင်း"

မောင်သန်းဆွေသည် တံခါးဘက်သို့လှည့်၍ ကြည့်လိုက်သည်။ ထို့အတွင်း အခန်းထဲမှ အသက်သုံးဆယ်ခန့်ရှိ မိန်းမဝဝကြီးတစ်ယောက်ထွက်လာကာ တံခါးကို ဖွင့်၍ စာကိုယူလိုက်လေသည်။ မောင်သန်းဆွေလည်း လျင်မြန်စွာ ပြေးသွား၍ "ပေး... ပေး။ ဒေါ်ဒေါ်ပု အဆွေ့ကိုပေး..." ဟု လုယူလျက် မိဘနှစ်ပါးထံ ပြေးဝင်သွားလေသည်။

"ဖေဖေ... စာလာတယ်"

ဦးမင်းညိုသည် ဒေါ်ဒေါ်ကြည်နှင့်စကားပြောနေရာမှ ရုတ်တရက် ရပ်လိုက်ကာ စာကိုပြုံးရွှင်စွာ လှမ်းယူလိုက်လေသည်။ မောင်သန်းဆွေလည်း လှည့်၍ ထွက်သွားတော့မည်အပြု ဒေါ်ဒေါ်ကြည်က

"လူလေး"

ဟု လှမ်းခေါ်လိုက်သဖြင့် ဒေါ်ဒေါ်ကြည်အနားဝင်၍ ထိုင်လိုက်ရလေသည်။ သားအမိနှစ်ယောက် ထွေရာလေးပါးစကားများပြောနေကြစဉ် ဦးမင်းညိုသည် စာကိုဖွင့်၍ဖတ်လိုက်လေသည်။

"ဟာ... ကိုသန်းဝင်းဆီကဟ..."

"ဟင်... ကိုသန်းဝင်းဆီက"

"အေး... ကိုဖတ်ပြမယ်"

ကိုမင်းညို မန္တလေးကြည်တို့ခင်ဗျား

မကြာသေးမီက ပေးစာကိုရရှိရာ အားလုံးပင် ကျန်းကျန်းမာမာရှိကြကြောင်း သိရသဖြင့် အထူးဝမ်းသာအားရရှိပါသည်။ ပို့သသောမေတ္တာအဟုန်ကြောင့် ကျွန်တော် တို့လည်း ကျန်းမာကြပါသည်။

အထူးသဖြင့် ကျွန်တော်တို့ သားအဖနှစ်ယောက် ဘုရားဖူးရင်းဆိုသလို မြန်မာပြည်သို့ အလည်လာခဲ့မည်။ လာတော့မှ မန္တလေးကြည်မှာသောပစ္စည်းများကို ဘန်ကောက်မှ ဝယ်လာခဲ့ပါမည်... တဲ့"

"ဖေဖေ... ဒါဖေဖေတို့ပြောပြောနေတဲ့ ဒေါက်တာသန်းဝင်းဆိုတာလား..."

"အေး.. ယိုးဒယားသွားပြီး အလုပ်လုပ်နေတဲ့ ဒေါက်တာသန်းဝင်းပေါ့"

mgyoe.com

mgyoe.com


"ဟင်... သူ့မှာသာ ကလေးရှိမှန်းမသိပါလား"

"သမီးကလေးကွဲ့... ဟိုမှာ ယိုးဒယားသူတစ်ယောက်နဲ့ ရပြီးနေတာ၊ အခုသမီး ကလေးတောင် အတော်ကြီးနေရောပေါ့။ မင်းထက် ၂ နှစ်လောက်ငယ်မှာ။ သူယိုးဒယား ရောက်ရောက်ချင်းပဲ ငှက်ဖျားတွေမိပြီး အပြင်းအထန်မမာမကျန်းဖြစ်တုန်း၊ သေသေ ချာချာပြုစုရှာတဲ့ ဆရာမကလေးတစ်ယောက်နဲ့ရတာ... တဲ့"

"ဩော်... ဒီလူကြီးသနားပါတယ်နော်။ ဘာဖြစ်လို့ ဘန်ကောက်ကိုပြေး ရတာလဲ"

ဦးမင်းညိုသည် ဒေါ်ဒေါ်ကြည်အား လှမ်း၍ကြည့်လိုက်လေသည်။ ဒေါ်ဒေါ်ကြည်ကား တစ်ဖက်သို့ မျက်နှာလွှဲသွားလေသည်။

"အလကားပါကွယ်။ သက်သက်စီးပွားရှာသွားတာပေါ့" ဟု ဦးမင်းညိုက စိတ်လေးလေးနှင့် ဖြေလိုက်လေသည်။ ဖြေရင်း ဒေါ်ဒေါ်ကြည်ဘက်သို့လှမ်း၍ ကြည့်လိုက်ရာ မျက်နှာများ နီမြန်းနေသည်ကို တွေ့ရသဖြင့် မောင်သန်းဆွေကို အပြင် သို့ ခေါ်ထုတ်လာခဲ့လေသည်။ မောင်သန်းဆွေလည်း အမှတ်တမဲ့ပင် ထွက်လာခဲ့လေ သည်။ အပြင်သို့ရောက်သောအခါ အိမ်တွင်ခိုင်းသော ဒေါ်ပုကို တွေ့ရလေသည်။

"မပု... ကိုသန်းဝင်းလာလိမ့်မယ်"

"ဟုတ်ကဲ့ ခုနက ကျွန်မ ကြားတယ်"

ဒေါ်ပုသည် ပြောပြောဆိုဆိုနှင့် အပြင်ဘက်သို့ ငေးစိုက်၍ ကြည့်နေလိုက် လေသည်။ မောင်သန်းဆွေကား မိမိ၏စန္ဒရားရှေ့သို့ လျှောက်သွားကာ ရှေ့တည့် တည့်မှ ဓာတ်ပုံတစ်ပုံကို ငေးစိုက်၍ ကြည့်နေလေသည်။

"ဒေါက်တာသန်းဝင်းဟာ တကယ်ခန့်တယ်နော်..."

မောင်သန်းဆွေ၏နောက်တွင်ရပ်နေသော ဦးမင်းညိုလည်း ခေါင်းကို တဆတ် ဆတ်ညိတ်ရင်း...

"တကယ်ချော တကယ်ခန့်တဲ့လူပဲ။ ကောလိပ်တုန်းကဆိုရင် နာမည်ကြီးပေါ့။ ပြည်ကျောင်းဆောင်မှာ ဘောလုံးအသင်းကပ္ပတိန်လုပ်ခဲ့တုန်းက ရိုက်ထားတဲ့ဓာတ်ပုံပဲ"

ထိုခဏ၌ ထမင်းစားခေါ်သည့် ငွေခေါင်းလောင်းသံကလေး ပေါ်ထွက်လာ လေသည်။

❒

mgyoe.com

mgyoe.com

# ( ၃ )

အစဦးတွင် ဖော်ပြခဲ့သည့် ကားဝါကလေး ချိုးသွားသောဘက်သို့ မလိုက်ဘဲ ပြည်လမ်းဘက်သို့ ထွက်လာက အထက်ပါ "ရိပ်သာ" မှဖြစ်အင်တို့ကို မြင်ရမည် ဖြစ်သည့်တိုင်အောင် ကားဝါကလေးနောက်သို့ တကောက်ကောက်လိုက်သွားပါက...

ကမာရွတ်၌ သပ်ရပ်စွာဆောက်ထားသည့် နှင်းဆီရုံအိမ်ကလေးကို တွေ့ရပေဦးမည်။

"နှင်းဆီရုံ" သည် အမည်နှင့်လိုက်လှသည်။ အိမ်ကလေးမှာ တိတိရိရိ ငယ်ငယ်ကလေးဖြစ်လျက် နှင်းဆီရုံကြီးများ ပတ်လည်ဝိုင်းနေသည်။ ဆေးဖြူသုတ်ထားသောဝင်းနှင့်စိမ်းစိုနေသော နှင်းဆီပင်တို့သည် လွန်စွာမှ ပနံသင့်လှသည်။

ကားဝါကလေးသည် အဆိုပါ ဝင်းထဲသို့ ဝင်သွားလေသည်။ ကားဝါကလေးကို ဆေးစိမ်းသုတ်ထားသော ကားရုံထဲသို့ ကျင်လည်စွာမောင်းနှင်ဝင်ရောက်၍ ရပ်ထားလိုက်သည်။ ပြီးလျှင် ကားတံခါးကိုဖွင့်၍ ပြောင်နေသော မြေပြင်ပေါ်သို့ ခြေချကာ မတ်တတ်မရပ်သေးဘဲ အိမ်ဘက်ဆီသို့လှမ်း၍ ကြည့်လိုက်လေသည်။

အိမ်တွင်းမှတူရိယာသံများသည် သာသာယာယာ ငြိမ့်ငြိမ့်ညောင်းညောင်း ပေါ်ထွက်နေသည်။

ကိုတင်ဝင်း၏တီးဝိုင်းမှာ နာမည်ကျော်ဖြစ်လေသည်။ အသံလွှင့်ရုံမှတီးလျှင် ရေဒီယိုရှိသူတိုင်း ဝမ်းမြောက်ဝမ်းသာ နားသောတဆင်ကြ၏။ ထူးခြားသောတစ်ချက်

mgyoe.com

mgyoe.com


မှာ ကိုတင်ဝင်း၏တီးဝိုင်းကို လူတိုင်းငှား၍မရ။ လိုက်လိုမှ "လိုက်တတ်သည်။ တစ်ခါက ဝန်ကြီးတစ်ဦး၏ထမင်းစားပွဲသို့ ငှားရမ်းရာ၌ ကိုတင်ဝင်းက ငွေကိုမမက်ဘဲ ငြင်းပယ်ခဲ့ဖူးသည်။ ကိုတင်ဝင်းနှစ်သက်သော တစ်နေရာမှာ အသံလွှင့်ရုံမှ အသံလွှင့်ခြင်းဖြစ်လေသည်။

ယခုတလွှင့်လွှင့်မြူး တဆင့်ဆင့် ကျူလာသော တေးသံကား ကားဝါထဲမှ အမျိုးသမီးကိုယ်တိုင်စပ်ဆိုသည့် "ညောင်းရွက်လေချိ" တေးသွားဖြစ်လေသည်။

ကားဝါထဲမှ အမျိုးသမီးကား အခြားသူမဟုတ်။ နိုင်ငံကျော် အဆိုတော် ခင်ခင်ဝေဖြစ်လေသည်။ တက္ကသိုလ်တွင် ဘီအေအောက်တန်းအထိ ပညာသင်ခဲ့ဖူးသောကြောင့်လည်း "ဂုဏ်" ကို တပ်မက်သည့် ဤလောကတွင် အခြားအဆိုတော်များထက် ထင်ရှားပြန်လေသည်။

ကိုတင်ဝင်း ငွေမမက်သဖြင့် သူ၏နာမည်မှာ လူတိုင်း၏ပါးစပ်ဖျားတွင် ရှိသကဲ့သို့ ခင်ခင်ဝေမှာလည်း ဆိုလိုက်တိုင်း၊ စပ်လိုက်တိုင်း အလွမ်းအဆွေးများ ဖြစ်နေတတ်ခြင်းကြောင့် လူတိုင်းကပင် အလွမ်းအဆိုကျော်ဟု အမည်ပေးထားကြလေသည်။ အလွမ်းအဆိုကျော် ခင်ခင်ဝေဟူသော သီချင်းရေးဆရာမကလေး ပြည်သူဖြေဖျော်မှု အဆိုတော်ကလေးနှင့် မြန်မာပြည်ရှိ အကောင်းဆုံးတီးဝိုင်းပိုင်ရှင် စန္ဒရား ကိုတင်ဝင်းတို့သည် ဖက်ပင်ဖက်မိတတ်သော ဇနီးမောင်နှံဖြစ်လေသည်။

ကိုတင်ဝင်း၏တူရိယာနှင့် ခင်ခင်ဝေ၏အသံတို့ ပနံစားလှသကဲ့သို့ ကိုတင်ဝင်း၏အသွင်နှင့် ခင်ခင်ဝေ၏အဆင်းမှာလည်း ယှဉ်၍ လမ်းလျှောက်သွားလျှင် ရှေ့သွားနောက်လိုက်ညီပါပေသည်ဟု လူတိုင်းဝန်ခံနေကြရသည်။

သို့ဖြစ်သည့်တိုင်အောင် ကိုတင်ဝင်းနှင့်ခင်ခင်ဝေတို့၏ အတိတ်ကိုသိသူရှား၏။ သိသောသူများကလည်း မြို့ထားကြသည်။ ကိုတင်ဝင်းအဖို့ ဆယ်တန်းအောင်ပြီးကတည်းက တူရိယာဘက်လိုက်စားခဲ့ရာမှ တစ်စတစ်စနာမည်တက်လာသူဟုခေါ်ဆိုနိုင်သည့်တိုင်အောင် ခင်ခင်ဝေကား အဆိုတော်လောကသို့ ဗြုန်းခနဲရောက် ဗြုန်းခနဲ နာမည်ကြီးလာသူဟု သိရှိကြရလေသည်။

ထိုထက်ပို၍ကား မသိကြ။ သူတို့သည် သူတို့၏အတိတ်ကိုသိလိုသည့်ထက်၊ သူတို့၏တေးသံကိုသာ နာခံလိုကြသည်။ ဤအချက်ကား အံ့ဩဖွယ်ရာမဟုတ်။ တစ်နေရာက ရွှန်းရွှန်းတောက်နေလျှင် အခြားနေရာများမှိန်၍ ပျောက်တတ်သည်မှာ ဓမ္မတာဖြစ်သည်မဟုတ်ပါလော။

mgyoe.com

"အဝေ... နေမကောင်းဘူးလား"

ကိုတင်ဝင်းသည် စန္ဒရားမှထ၍ဝင်လာသော ဇနီးသည်အား ခရီးဦးကြိုပြုလေသည်။ ဂီတာစမ်းနေသော သူ၏ ဒုံ... ဒင်... ဒုံ... ဒင်" ဟူသော အသံမှတစ်ပါး အခြားအသံများ ဆိတ်သုဉ်းသွား၏။ တီးဝိုင်းမှလူများသည် သူတို့၏အကြောင်းကို သိသည့်အတိုင်း ငြိမ်သက်စွာဖြင့် ငေးကြည့်နေကြသည်။

"ကောင်းပါတယ်။ ခေါင်းနည်းနည်းကိုက်နေလို့..."

ခင်ခင်ဝေ၏အဖြေမှာ အမှန်မဟုတ်ကြောင်း ကိုတင်ဝင်းသိ၏။ သို့ဖြစ်သည့်တိုင်အောင် ကိုတင်ဝင်းသည် ဘာမျှမပြော ခင်ခင်ဝေကို ယုယစွာဖက်၍ အိပ်ခန်းထဲခေါ်သွားလေ၏။

"အဝေ... အိပ်နေလေ..."

ခင်ခင်ဝေသည် ဆိုဖာတစ်လုံးတွင် ဝင်ထိုင်လိုက်၏။ သူသည် မျက်လုံးများကို စုံမှိတ်လိုက်သည်၊ ခဏ၌ မျက်ရည်ကလေးနှစ်စက် ကျလာလေသည်။

ကိုတင်ဝင်းသည် ဆိုဖာပေါ်တွင် တင်ပါးလွှဲ ဝင်ထိုင်လိုက်၏။

"အဝေ..."

"ကိုဝင်း..."

"ဘာဖြစ်လဲ... အချစ်ရယ်..."

ခင်ခင်ဝေသည် ခေါင်းခါပြ၏။ ပါးစပ်မှလည်း တစ်စုံတစ်ခုပြောသည်။ အသံမထွက်။

ထိုခဏ၌ အပြင်ဘက်မှ ကားတစ်စီးရပ်သံ၊ ကလေးအချင်းချင်း နှုတ်ဆက်သံ၊ ကားပြန်ထွက်သွားသံများ ကြားရ၏။

"ဟော... သမီးလေးပြန်လာပြီ"

ခင်ခင်ဝေသည် ကမန်းကတန်း မျက်ရည်များကို သုတ်ပစ်လိုက်လေသည်။

အိမ်တွင်းသို့ဝင်လာသောခြေသံများ၊ တီးဝိုင်းကလူများကို ကလေးတစ်ယောက်က နှုတ်ဆက်သံများ ကြားရပြီးသည့်အဆုံး၌ အပေါက်ဝတွင် ဆယ့်သုံးနှစ်ခန့်ရှိ ကလေးမလေးတစ်ယောက် ပေါ်လာလေသည်။

"မာမီ..."

ကလေးမသည် အပြေးကလေး ချဉ်းကပ်လာ၍ ခင်ခင်ဝေအား မွှေးမွှေးပေးလိုက်လေသည်။

mgyoe.com

mgyoe.com


"မာမီ... ဒီနေ့လေ ဆရာမက နုနုဆွေကို ဆုပေးတယ်။ ဟာ... သိပ်ဝမ်းသာတာပဲ၊ သမီးဖြင့် တခြားကောင်မလေးတွေကို လိုက်ကြွားတာပဲ။ ဟို ကြည်ကြည်လှဲ့ကို သိတယ်မဟုတ်လား။ သူကလေ... နုနုဆွေကို ငါ့ယောက်မက သိပ်တော်တာပဲတဲ့။ သူကပြောနိုင်မှာပေါ့ မောင်ရှိတာကိုး သမီးလည်း မောင်တစ်ယောက်ရှိရင် သူ့လို..."

ခင်ခင်ဝေသည် မျက်စိမျက်နှာပျက်သွားကာ ခင်ပွန်းသည်အား လှမ်းကြည့်လိုက်၏။ ကိုတင်ဝင်းလည်း ရိပ်မိသလိုနှင့်...

"ကဲ... သမီး မေမေနေမကောင်းလို့တဲ့။ လာစမ်း။ သမီး ညောင်းရွက်လေချီလာဆို၊ သီချင်းတိုက်နေတယ်... နက်ဖြန်အသံလွှင့်ဖို့..."

"အသံလွှင့်ရင် သမီးဆိုရမှာလား..."

ကိုတင်ဝင်းသည် ဇနီးသည်အား လှည့်ကြည့်လိုက်၏။ ခင်ခင်ဝေက ခေါင်းညိတ်ပြလိုက်သည်။

"အဝေ နေမကောင်းလို့ဆိုပြီး ပြောတာပေါ့..."

နုနုဆွေသည် အသံလွှင့်ရုံမှ သီချင်းဆိုရမည်ဆိုလျှင် အလွန်ဝမ်းသာတတ်သည့်အတိုင်း ယခင်ကလည်း နှစ်ပွဲတိုးဖူးသည့် အားလျော်စွာ ဝမ်းမြောက်ဝမ်းသာဖြစ်သွားလေ၏။ "ဒါမှ မာမီကွ..." ဟု နှစ်ချက်သုံးချက်ဖက်နမ်းရင်း ပြောဆိုကာ ဖခင်ဖြစ်သူ၏လက်ကိုဆွဲ၍ အပြင်သို့ထွက်သွားလေသည်။

ခင်ခင်ဝေသည် ထိုင်နေရာမှထကာ အခန်းတံခါးကို ကလန့်ထိုးလိုက်သည်။ ပြီးလျှင် အိပ်ရာဆီသို့ ပြေးသွားလျက် ခေါင်းအုံးပေါ်မှောက်လိုက်ကာ မျက်ရည်များ တရဟောသွန်ချမိလေသတည်း။

"ဒါမှ နုနုဆွေကွ။ ဒါမှ.. နုနုဆွေ..."

ဟု ဝိုင်း၍ ဝမ်းသာအားရဆိုလိုက်ကြကာ တီးဝိုင်းအဖွဲ့ဝင်တို့၏အသံများကို ကြားရလေသည်။ ဤကိုစ္စကား ထူးဆန်းသည်ဟု မဆိုသာ။ နုနုဆွေသည် မိခင်ဖြစ်သူ ခင်ခင်ဝေ၏ ခြေရာများကို နင်းနိုင်မည့် ကလေးမလေးတစ်ဦးဖြစ်ပေသည်။

"နုနုဆွေ... ညောင်းရွက်လေချီသီချင်းကို ရမှလည်းဖြီးနော်..."

"အမယ်... ဦးလေး ကိုလှအောင်က၊ သူ့ချည်းတတ်တယ်မှတ်လို့လား။ နုနုဆွေတဲ့...။ တစ်ယောက်တည်းရှိတယ်မှတ်ပါ..."

ဘင်သံသည် တစ်ချက်စီ၊ တစ်ချက်စီပေါ်လာ၏။ ပြီးလျှင် မြိုင်ဆိုင်စွာ တီးလိုက်သော တီးဝိုင်း၏လက်စွမ်းပြ တူရိယာသံပေါ်လာ၏။ ၎င်းတို့နှင့် မရှေး

mgyoe.com

mgyoe.com


မနှောင်း သာယာစွာ ပေါ်လာသောတေးသံသည် ခင်ခင်ဝေ၏နားတွင်းသို့ ရှေ့ဆင့်... နောက်ဆင့်...။

"မိန်ရာသီ.. တပေါင်းဝယ်... လေပြည်လေး ဆော့ကာရယ်..."

သီချင်းမှာ ခင်ခင်ဝေကိုယ်တိုင် စပ်ဆိုထားသောသီချင်းဖြစ်သည်။ အသည်းနှလုံးအထိခိုက်ဆုံးအချိန်၌ စပ်ဆိုထားသော သီချင်းဖြစ်၍လောမသိ။ အလွန်ကောင်းလေသည်။

ခင်ခင်ဝေသည် ထိုင်နေရာမှထ၍ မှန်တင်ခုံသို့ လျှောက်သွားလေသည်။ မှန်ထဲတွင် မိမိ၏အသွင်ကိုကြည့်၏။ အဆင်အပြင်ကောင်းသဖြင့် နုနေခြင်းသာဖြစ်ရမည်။ ဝဲယာပါးနှစ်ဖက်မှ တွန့်ယောင်ယောင်ဖြစ်နေသော အစင်းနှစ်စင်းသည် ဇရာထောင်းတော့မည့်အကြောင်း ရှေ့တော်ပြေးအဖြစ် ပြသလျက်ရှိသည်။

သူမသည် သက်ပြင်းကလေးတစ်ချက်ရှိုက်ကာ မှုတ်ထုတ်လိုက်သည်။ ပြီးလျှင် မှန်တင်ခုံပေါ်မှ လက်ဆွဲသားရေအိတ်လေးကိုဖွင့်ကာ သတင်းစာတစ်စောင်ကို ဆွဲထုတ်လိုက်၏။

ခေါက်ထားသည်ကို ဖွင့်လိုက်လျှင်ပင် နဂိုကတည်းက လှန်ထားသော စာမျက်နှာ ၁၀ သို့ရောက်သွား၏။ ထိုစာမျက်နှာတွင် ခန့်ညားသောသူတစ်ဦး၏ ဓာတ်ပုံနှင့်တကွ ၎င်း၏အကြောင်းများ အကျဉ်းမျှဖော်ပြလာ၏။ ထိုသတင်းကို ထပ်မံ၍ အကျဉ်းချုံးလိုက်ကာ အောက်ပါအတိုင်း တွေ့ရှိရပေလိမ့်မည်။

**ယိုးဒယား ဘန်ကောက်မြို့သို့ သွားရောက်ကြီးပွားနေသော ဒေါက်တာသန်းဝင်း အမ်ဘီဘီအက်(စ်)သည် တနင်္လာနေ့၌ ရန်ကုန်သို့ ခေတ္တလာလိမ့်မည်ဖြစ်ကြောင်း။ ဒေါက်တာသန်းဝင်းသည် ဘန်ကောက်၌ ယိုးဒယားသူတစ်ဦးနှင့်အိမ်ထောင်ကျကာ သမီးကလေးတစ်ယောက် ထွန်းကားခဲ့ကြောင်း။**

ခင်ခင်ဝေ၏ မျက်လုံးအစုံတို့သည် အသက် ၃၅ နှစ်ခန့်ရှိ ဒေါက်တာသန်းဝင်း၏ ဓာတ်ပုံပေါ်သို့ အာရုံစူးစိုက်နေ၏။ နောက်မှ မျက်ရည်များ ရွှမ်းလာသဖြင့် သတင်းစာကို ပြန်ခေါက်ကာ ပြင်ပသို့ငေးကြည့်နေလိုက်သည်။ သရက်ပင်ကြီးတစ်ပင်မှ သရက်ရွက်တစ်ရွက်သည် မဆီမဆိုင် ကြွေကျသွား၏။ ထိုခဏ၌ အိမ်ရှေ့မှ သီချင်းသံသည် အတွင်းသို့ တဇွတ်ထိုးဝင်လာလေသည်။

**"မိန်ရာသီအချိန်ဝယ်၊ ရွက်ဝါများ လွင့်ကာနေတယ်။ အို လေပြည်**

mgyoe.com

**မောင်ရယ်၊ ဘယ်အခြင်းနဲ့ ဖွတ်တိုးလို့ ကျီစားရက်တော့ပေတယ်"**

ခင်ခင်ဝေ၏စိတ်များမှာ ရော်ရွက်ဝါများကဲ့သို့ လွင့်နေသည်။ ၎င်းတို့ကား ဆောက်တည်ရာမရ။

**"ရှင်နိုင်ဘူး စုခါမယ် မောင်ရယ်... ရည်မှန်းချက်ဖြင့် မထင်တယ်။ ညောင်းရွက်ဝါလေချိုပုံသို့နှယ်.. လေရူးနဲ့ ဝဲကာ ဝဲကာ လွင့်တော့တယ်"**

နုနုဆွေ၏အသံသည် အကယ်ပင်ကောင်း၏။ အဆိုပိုင်သဖြင့်လည်း အဓိပ္ပာယ် သေသေချာချာပေါ်၏။ ခင်ခင်ဝေသည် အိပ်ရာပေါ်သို့ ပစ်လှဲလိုက်မိပြန်သည်။

ထိုခဏ၌ အပြင်ဘက်မှ တံခါးခေါက်သံကြားရ၏။ "မေမေ... မေမေ..." နုနုဆွေ၏ခေါ်သံကို ကြားလေသည်။ ခင်ခင်ဝေသည် မထူးဘဲ ဖွတ် "ပေ" ၍ နေလေသည်။

"သမီး... မေမေ အိပ်ပျော်နေတယ် ထင်တယ်..."

ကိုတင်ဝင်း၏အသံကိုကြားရသည်။ နုနုဆွေလည်း ၎င်း၏အခန်းဘက်သို့ ထွက်သွား၏။

မျက်ရည်ပူတို့သည် ခင်ခင်ဝေ၏ပါးပြင်မှတစ်ဆင့် ဖြူဆွတ်သော ခေါင်းအုံးများပေါ်သို့ ကျသွားကြသည်။ မှန်ပါသည်။ သူအိပ်ပျော်လိုသည်။ အားရပါးရ မထတမ်းအိပ်ပစ်လိုက်ရန် ဆန္ဒရှိ၏။

ခင်ခင်ဝေသည် အဆိုတော်မဟုတ်က ဒေါ်ခင်ခင်ဝေဟု အခေါ်ခံရမည့် အရွယ်ရောက်နေ၏။ သို့ဖြစ်သည့်တိုင်အောင် ယခုအချိန်၌ ခင်ခင်ဝေခေါ် ဒေါ်ခင်ခင်ဝေ၏ စိတ်များသည် ကောလိပ်ကျောင်းသူ မေဘယ်(လ်)ဝေ ခေါ် ခင်ခင်ဝေဘဝသို့ ပြန်ရောက်နေကြောင်းကို မည်သူမျှ မသိကြပေ။

❐

mgyoe.com

mgyoe.com

# ( ၄ )

တနင်္လာနေ့ ညနေခင်းတွင် ကျောင်းမှ ပြန်လာသော မောင်သန်းဆွေကို တွေ့ရလေသည်။

ဒိမ်မလာကားကြီးတွင် ဒရိုင်ဘာဘေးမှထိုင်လိုက်လာသော မောင်သန်းဆွေ၏ စိတ်တို့ကား အိမ်သို့အလျင်အမြန်ပြေးနေလေသည်။

အကြောင်းကား ဒေါက်တာသန်းဝင်းမှ တနင်္လာနေ့ရောက်မည်ဟု သံကြိုးရောက်လာခြင်းကို နံနက်က သိရှိပြီးဖြစ်သောကြောင့် ဖြစ်လေသည်။ "သူတို့ ရောက်ရောပေါ့။ ဦးသန်းဝင်းဟာ... ဓာတ်ပုံထဲကလို ခန့်ခန့်ပဲ နေမှာပဲ။ သူ့သမီး ယိုးဒယားကပြားမကလေးဟာ ဘယ်လိုနေပါလိမ့်။ အိမ်က... ဒေါ်ဒေါ်ပုဟာ ဘာဖြစ်လို့ ဦးသန်းဝင်းကို ဒါလောက်ခင်ရသလဲ... ဦးသန်းဝင်းရောက်မယ်ဆိုတာနဲ့ နောက်ဖေးမှာ ဘာဖြစ်လို့ ဝင်ငိုရသလဲ" ဟူ၍ အဖြေမပေါ်သော မေးခွန်းပင် ဝဲလည်၍နေလေသည်။

နံနက်က ဦးသန်းဝင်းရောက်မည်ဟု သံကြိုးရောက်သည်နှင့် ဒေါ်ပုအား ဒေါ်ဒေါ်ကြည်က ပြောပြလိုက်လေသည်။ ပြောပြပြီးလျှင်ပင် ဒေါ်ပု၏ အမူအရာများ ပြောင်းသွား၏။ အပြင်ဘက်ချည်း ငေးနေကာ ထမင်းဝိုင်း၌ ဟင်းလိုက်ရန်ပင် လစ်ဟင်းနေလေသည်။ မိမိကျောင်းလာခါနီး နောက်ဖေးဝင်၍ နှုတ်ဆက်သောအခါ ဒေါ်ပု ငိုနေသည်ကို တွေ့ခဲ့ရ၏။ အဘယ်ကြောင့်နည်း ဟူ၍သိလိုလှသည် အဖြေကိုကား သူမတွေ့ရ။

ကားကလေးသည် အိမ်ကြီး၏ ဆင်ဝင်ရှေ့ဆောင်၌ ထိုးရပ်လိုက်လေသည်။

mgyoe.com

mgyoe.com

မောင်သန်းဆွေသည် ဖွင့်ပေးသော တံခါးကိုလက်ဖြင့် ကိုင်ကာကားအောက်သို့ ဆင်းလိုက်သည်။ ကားကလေးလည်း မော်တော်ကားရုံဘက်သို့ ထွက်သွားလေသည်။

မောင်သန်းဆွေသည် ကြိုတင်၍ တွေးလိုက်သည်။ ဦးသန်းဝင်း၏ဇနီး ယိုးဒယားသူမှာ ခါးတောင်းကျိုက်နှင့် ဖြစ်သလို သူ့သမီးလည်း ထိုသို့ပင် ရှိချိမ့်မည်။

သူသည် ဧည့်ခန်းဆီသို့ မရဲတရဲရောက်သွား၏။ စားပွဲဝိုင်းကလေးတွင် ဝိုင်း၍ ထိုင်နေကြသော မိမိ၏မိဘနှစ်ပါးနှင့် လူကြီးတစ်ယောက်ကို တွေ့ရလေသည်။ ထိုလူကြီးသည် စန္ဒရားရှေ့တွင် ချိတ်ထားသော ဒေါက်တာသန်းဝင်း၏ရုပ်နှင့် မတူသည့်တိုင်အောင် ရုပ်ချင်းဆင်၍လား သို့မဟုတ် အဘယ်ကြောင့်နည်းမသိ။ ဒေါက်တာသန်းဝင်းပင်ဟု သူသိလေသည်။

သူ့သမီးကိုကား မတွေ့ရ။

"ဟော... လူလေးပြန်လာပြီ"

ဒေါ်ဒေါ်ကြည်ကလှမ်း၍ ခရီးဦးကြိုပြုလိုက်သည်တွင် မောင်သန်းဆွေလည်း မိခင်ဖြစ်သူနားသို့ ချဉ်းကပ်သွားမိ၏။ လူကြီးများသည် သူ့အားဝိုင်း၍ ကြည့်နေကြလေသည်။ ထိုသူများအနက် ဒေါက်တာသန်းဝင်းသည် သူ့အား အလွန်ထူးခြားသော အကြည့်မျိုးဖြင့် ကြည့်နေကြောင်းကို သတိပြုမိလေသည်။

သူသည် ဒေါက်တာသန်းဝင်း၏မျက်နှာကို ကြည့်၏။ ဒေါက်တာ၏ မျက်နှာမှာ ပြုံးခြင်းရယ်ခြင်းမရှိ။ သို့စဉ်လျက် သူသည် ဒေါက်တာအား သနားသလိုလို တွယ်တာသလိုလို ဖြစ်နေမိလေသည်။

"မောင်သန်းဆွေ... ဦး... ဦးလေးဆီ လာပါဦး"

ဒေါက်တာသန်းဝင်းက ဟန်လုပ်၍ ပြုံးရယ်ကာ မောင်သန်းဆွေကို လှမ်းခေါ်လိုက်၏။ ဒေါ်ဒေါ်ကြည်သည် ခေါင်းငုံ့သွား၏။ ဦးမင်းညိုကား လေပြည်တွင် လှုပ်နေသည့် ခန်းစီးကလေးများကို ငေးနေလေသည်။

"လူလေး နေကောင်းရဲ့နော်..."

"ဟုတ်ကဲ့"

ဒေါက်တာသန်းဝင်းသည် မောင်သန်းဆွေ၏ နဖူးမှဆံစကလေးများကို ယုယစွာ ပွတ်သပ်ပေးနေလေသည်။

"အတန်းထဲ စာလိုက်နိုင်ရဲ့လား... ဟင်..."

"ဟုတ်ကဲ့... ကျွန်တော် ပထမချည်းရပါတယ်..."

mgyoe.com

 mgyoe.com 

"အေး... ဒါမှပေါ့ကွဲ... ဒါမှဦး... ဦးလေးတူ..."

ဒေါက်တာသန်းဝင်း၏မျက်နှာမှာ ရဲသွားပြန်လေသည်။ ဦးမင်းညိုနှင့် ဒေါ်ဒေါ်ကြည်တို့အားလည်း ဖျတ်ခနဲ လှမ်းကြည့်လိုက်၏။

ဦးမင်းညိုတို့ကား သူတို့ကို မကြည့်...

ဒေါက်တာသန်းဝင်းသည် အိတ်တွင်းမှဖေါင်တိန်တစ်ချောင်းကို ဆွဲထုတ်လိုက်ကာ မောင်သန်းဆွေ၏အိတ်တွင်းသို့ ထည့်ပေးလိုက်၏။

"ရော့... လူလေး... လူလေးဖို့..."

မောင်သန်းဆွေသည် ရိုသေစွာ ခွင့်တောင်းလိုက်မှ ဒေါက်တာသန်းဝင်းသည် တိမ်တိုက်များနှင့်အတူ လွင့်သွားသည့် မိမိ၏စိတ်များကို ပြန်တို့လျက်။

"သြော်... ဟုတ်သားပဲ... ဟုတ်သားပဲ..."

ဟု ကယောင်ကတမ်းပြောကာ ကလေးကို လွှတ်လိုက်ရလေသည်။

မောင်သန်းဆွေလည်း ခေတ္တချထားသော လွယ်အိတ်ကို မိမိ၏စားပွဲပေါ်သို့ သွားရောက်တင်ထားလိုက်ကာ မိမိ၏အခန်းတွင်းသို့ ဝင်သွားလေသည်။

ကုတ်အင်္ကျီအပြာကို အသာချွတ်၍ ချိတ်တွင်ချိတ်ထားလိုက်ကာ အတွင်းမှ ရှပ်ဖြူကိုလည်း ဆွဲချွတ်လိုက်၏။ ပြီးသော် အတွင်းခံ စွပ်ကျယ်ကလေးနှင့် မှန်တင်ခုံ ရှေ့သွားရပ်လိုက်လေသည်။ မှန်ကိုလှမ်းကြည့်လိုက်သည်နှင့် မှန်ရိပ်တွင် မိမိ၏အိပ်ရာ ပေါ်၌ တစ်စုံတစ်ယောက်အိပ်နေကြောင်း တွေ့လိုက်ရလေသည်။ မောင်သန်းဆွေသည် ဗြုန်းခနဲအံ့အားသင့်သွားရာမှ ဖြည်းညင်းစွာ လှည့်ကြည့်လိုက်လေသည်။

၁၄ နှစ်ခန့်ရှိမည်ဖြစ်သော မိန်းကလေးတစ်ယောက်သည် သူ့ဘက်သို့ မျက်နှာပေး၍ အိပ်နေလေသည်။ ထိုမိန်းကလေး၏ဆံပင်များသည် ဘော်(ဘ်)ညှပ်ထားသော ဆံပင်ဖြစ်၍ အခွေ၊ အခွေနှင့် အတော်ကလေးလှလေသည်။ ဖြူဖွေးသော မျက်နှာကလေးသည် ကြည်လင်၍နေလျက် နီရဲသော နှုတ်ခမ်းကလေးများမှာလည်း ပြုံးသယောင်ယောင် ဖြစ်နေလေသည်။

မောင်သန်းဆွေသည် ကမန်းကတမ်းဆိုသလို အခန်းအပြင်ဘက်သို့ ပြေးထွက်သွားလေသည်။

"မေမေ... ကျွန်တော့်အိပ်ရာပေါ်..."

"သြော်... လူလေးကို ပြောဖို့မေ့နေတယ်... အဲဒါ မင်းဦးလေးရဲ့သမီးဆိုတာ ပေါ့။ ခရီးပန်းလာလို့။ လွယ်လင့်တကူ မင်းအိပ်ရာမှာပဲ အိပ်ခိုင်းထားရတယ်။

mgyoe.com

ဟု ဒေါ်ဒေါ်ကြည်က ပြောလေသည်။ ဒေါက်တာသန်းဝင်းကား နှစ်သိမ့်စွာ ရယ်လိုက်၏။ သို့စဉ်လျက် သူ၏ရယ်ပုံမှာ အတော်ပင် ထူးဆန်းကြောင်းကို မောင်သန်းဆွေ သတိပြုမိလေသည်။

"လူလေး လန့်သွားတယ်ထင်တယ်" ဒေါက်တာသန်းဝင်းက ပြောလေသည်။ "သူ့နာမည်က မေသန်းဝင်းတဲ့၊ ဒါပေမဲ့ အဖျားဆွတ်ပြီး (မေ) လို့ ခေါ်ကြတာပဲ။ အခုကျောင်းဖျက်ပြီး ဒီခေါ်လာခဲ့တယ်"

မေ... မေ... သည်နာမည်ကလေး အလွန်လှ၏။ မျက်နှာကလေးလည်း လှသည်။ မောင်သန်းဆွေကား စားပွဲပေါ်မှ နှင်းဆီပွင့်ကြီးများကို ငေးကြည့်နေ၏။ ၎င်းနောက် အခန်းထဲပြန်ဝင်သွားကာ ရှပ်အင်္ကျီတစ်ထည် ဝတ်လျက် ထွက်လာလေသည်။

ဦးမင်းညိုသည် နာရီကိုကြည့်လျက် ရေဒီယိုခလုတ်ကလေးများကို လှည့်လိုက်လေသည်။

ရေဒီယိုမှ ကြေညာသူ၏အသံသည် ကြည်လင်စွာ ထွက်ပေါ်လာလေသည်။

"ယခုစန္ဒရားကိုတင်ဝင်းတူရိယာအဖွဲ့က အဆိုကျော်ခင်ခင်ဝေ ကိုယ်တိုင်ရေးစပ်တဲ့ "ညှောင်းရွက်လေချို" သီချင်းနဲ့ဖျော်ဖြေပါလိမ့်မည်။ ယနေ့အဆိုကျော်ခင်ခင်ဝေ ဗြုန်းခနဲ နေမကောင်းဖြစ်သွားတဲ့အတွက် သမီးနုနုဆွေက ကိုယ်စား သီဆိုပြပါလိမ့်မယ်..."

မောင်သန်းဆွေ၏အမူအရာများ လုံးဝပြောင်းလွဲသွားလေသည်။ "ဟာ နိပ်ဟ" ဟု အော်ရင်း စန္ဒရားဘေးသွား၍ ထိုင်လိုက်လေသည်။ လူကြီးသုံးယောက်မှာ တစ်ယောက်ကို တစ်ယောက်လှမ်း၍ ကြည့်မိလေသည်။

ဒေါက်တာသန်းဝင်းလည်း ထိုင်နေရာမှထ၍ ပြတင်းပေါက်ဘက် ထွက်သွားလေသည်။ သူသည် ပန်းခြံတွင်းသို့ ငုံ့၍ကြည့်လိုက်၏။

ခြံထဲတွင် ပန်းပင်များလေသွဲ့ရာ နွဲ့နေကြ၏။

**"မိန်ရာသီ တပေါင်းဝယ်... လေပြည်ကလေး ဆော့ကာရယ်... မာလာ ထွေးနှော့ပြီကွယ်... ရနံ့သင်းမွှေးလှိုင်တယ်..."**

ဆရာ ကိုတင်ဝင်း၏ စန္ဒရားလက်သံမှာ အတော်ကလေးပြောင်လှသည်။ နုနုဆွေ၏အသံမှာလည်း သူ့မိခင်အဆိုကျော် ခင်ခင်ဝေနှင့်မခြားလှ။ ဦးမင်းညိုတို့ ဇနီးမောင်နှံသာမက ဒေါက်တာသန်းဝင်းပါ ငိုင်၍နေကြလေသည်။

mgyoe.com

ရေဒီယိုမှ သီချင်းသံသည် ပထမအပိုဒ်ကို ပြန်ကျော့လိုက်၏။ မောင်သန်းဆွေမှာ တူရိယာတွင်သာ အာရုံစိုက်နေ၍ လူကြီးများကို သတိမမူမိချေ။ သတိမူမိပါက လူကြီးများ၏ မူမမှန်ပုံများကို သွား၍တွေ့မိမည်ဖြစ်လေသည်။

သာယာသော "ညောင်းရွက်လေချိ" သီချင်းသံသည် တစ်ခန်းလုံးကို လွှမ်းမိုးလျက်ရှိလေသည်။

**"ရှေးရိုန်တွေ တွေးမိရင်ကွယ်...ဆွေးပွေ့ဖွယ်... လွမ်းစိတ်ကကြွယ်... နှမ်းမိတော့တယ်... သည်းကြွမ်းပေါ့မောင်ရယ်"**

တစိမ့်စိမ့်လိုမ့်၍ လိုမ့်၍ဝင်လာသော သီချင်းသံကို အားလုံးနားစွင့်နေကြရာမှ ဒေါက်တာသန်းဝင်းသည် လက်ထဲမှ ဆေးတံလွတ်ကျသွားလေသည်။

ဖျတ်လတ်သော မောင်သန်းဆွေသည် ဒေါက်တာသန်းဝင်းထံပြေးသွား၍ ဆေးတံကို ကောက်ပေးလိုက်၏။ ကောက်ပေးပြီး ရေဒီယိုဘက်သို့ ပြန်အလှည့်၊ သူ၏ခြေလှမ်းများတန့်သွားလေသည်။

အိပ်ခန်းဝတွင် အဆစ်အချိုးကျနသော "မေ" သည် ဆံပင်ကလေးများကို ဖွရင်း ရပ်နေလေသည်။ မောင်သန်းဆွေနှင့်မေသည် တစ်ဦးနှင့်တစ်ဦး ကြောင်တက်တက်နှင့် ကြည့်နေကြဆဲ ဒေါ်ဒေါ်ကြည်က

"ဟော... မေ နိုးလာပလား။ မပုရေ... ဒီမှာ... မေမျက်နှာသစ်ပါစေကွယ်..."

ဟု လှမ်းပြောလိုက်မှ... ဒေါ်ပုကထွက်လာ၍ မေကိုခေါ်သွားလေသည်။

မောင်သန်းဆွေကား ရေဒီယိုဘက်သို့ ပြန်လှည့်သွား၏။ သူ၏ရင်ထဲ၌ တစ်မျိုးကြီးဖြစ်နေလေသည်။

**"ယခင်ဝယ်... ရွှင်ရွှင်လန်းလို့ တင်ဆန်းလေတယ်... မြစိမ်းရွက်သို့ လွှင့်ကာရယ်... ခုတော့ဖြင့် ဝါရောင်ထင်ပေါ့ကွယ်... ရော်နှမ်းတဲ့ ရွက်ဝါလေးနှယ် ဆွေးရတယ်..."**

နောက်ထပ် ဆိုသမျှကို မောင်သန်းဆွေမကြားတော့၊ သူသည် ယိုးဒယားကပြားမကလေး "မေ" ကိုသာ တွေးနေမိ၏။ အဘယ်ကြောင့် ဤကဲ့သို့ တွေးနေမိသည်ကို သူမသိ။

ရေဒီယိုမှန်နောက်မှ မီးလင်းလင်းကလေးကို သူစိုက်ကြည့်နေ၏။ သူ့နားထဲသို့ သီချင်းသံသည် ဝင်ကား ဝင်၏။ သို့ရာတွင် မကွဲပြား။ ရေဒီယိုကိုမြင်ကား မြင်၏။ သို့တစေလည်း မထင်ရှား။

mgyoe.com

mgyoe.com

သူသတိရလာသော် သီချင်းသံကား ဆုံးသွားခဲ့ပြီ။ ထိုကြောင့် ရေဒီယို နားမှ ခွာကာ ဧည့်သည်စားပွဲဝိုင်းဆီသို့ တစ်လှမ်းချင်းလှမ်း၍ လျှောက်သွားလေသည်။

ထိုအချိန်၌ မေကလေးကား မျက်နှာသစ်ပြီး၍ ဒေါ်ဒေါ်ကြည်အနီး၌ ထိုင်နေလေသည်။ မောင်သန်းဆွေသည် ဖခင်ဖြစ်သူ၏ဘေး၌ ဝင်၍ထိုင်လိုက်၏။

ပြတင်းပေါက်တွင်ရပ်၍နေကာ ဒေါက်တာသန်းဝင်းသည် ကလေးနှစ်ယောက်ဆီသို့ လျှောက်လာကာ မိတ်ဆက်ပေးလေသည်။

"မေ... ဒါ မင်းကိုကို မောင်သန်းဆွေပေါ့... မောင်သန်းဆွေ... ဒါ... ညီမလေး... မ..."

ဟု အင်္ဂလိပ်ဘာသာဖြင့် မိတ်ဆက်ပေးလေသည်။ ကလေးနှစ်ယောက်မှာလည်း အင်္ဂလိပ်ကျောင်းသူ ကျောင်းသားများဖြစ်နေသဖြင့် ထ၍ လက်ဆွဲနှုတ်ဆက်ကြလေသည်။ ပြီးသော် ဒေါက်တာသန်းဝင်းက မေ့အကြောင်း ပြောပြလေသည်။

"မေ... ဆိုတာ... ကျောင်းက ပေးတဲ့အင်္ဂလိပ်နာမည် သူ့အမေကတော့ သူ့ကို တစ်မျိုးခေါ်တယ်။ ဟိုမှာ ဗမာတွေလည်းရှိတယ်။ ဦးလေးက သူ့ကို ဗမာစကားတွေ ကောင်းကောင်းသင်ပေးတယ်။ မသင်ပေးမိရင်... ဟဲ... ဟဲ..."

ဟု နှစ်သိမ့်စွာ ရယ်လေသည်။ ပြီးသော် "မောင်နှမ" ဟူ၍ တိုးတိုးကလေး ရေရွတ်ရင်း ပြတင်းပေါက်ဘက်လှည့်သွားလေသည်။ ဦးမင်းညိုလည်း ထိုင်နေရာမှ ထ၍...

"ကဲကွယ်... ရေဒီယိုပိတ်လိုက်ပါ။ လူလေးက စန္ဒရားတီးပြမှာပေါ့... မေ့ကို..." ဟု ပြောလေသည်။

မောင်သန်းဆွေလည်း ရေဒီယိုခလုတ်ကို ပိတ်လိုက်ကာ ရှက်ကိုးရှက်ကန်းနှင့် စန္ဒရားတွင် ထိုင်လိုက်၏။ ပြီးသော် မိမိတတ်သော သီချင်းအပုဒ်သုံးလေးဆယ် အနက်မှ တစ်ပုဒ်ကို ရွေး၍တီးလေသည်။

"ညှင်းလေပြည်ပက်ဖျန်း... ဘယ်ကိုရည်ညွှန်းလို့...လွမ်းဖွယ် တန်တယ်... မာလာငုံဖူးပွင့်ပန်းတို့"

ဒေါက်တာသန်းဝင်းသည် ဖျတ်ခနဲလှည့်ကြည့်လိုက်၏။ ပြီးသော် သက်ပြင်းကြီးတစ်ချက် မှုတ်ထုတ်လိုက်လေသတည်း။



mgyoe.com

mgyoe.com

# ( ၅ )

တနင်္လာနေ့က မေတို့ရောက်သည်ဖြစ်သော်လည်း နောက်တနင်္ဂနွေနေ့ အတွင်း၌ပင် ကလေးနှစ်ယောက်သည် အတော်ပင် ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ဖြစ်သွားကြလေသည်။ မေသည် မြန်မာစကားကို ဖခင်သင်ထားသလောက်သာ တတ်သဖြင့် အင်္ဂလိပ်စကားကလေးများ ညှပ်၍ ပြောရသည်။

မောင်သန်းဆွေ အတီးအမှုတ်ဝါသနာပါသလို မေသည် အဆိုအက ဝါသနာပါ၏။ အထူးသဖြင့် အင်္ဂလိပ် ခြေကကို သဘောကျသည်။ သို့ရာတွင် မောင်သန်းဆွေ တီးလိုက်တိုင်း ချစ်စမ်းယဉ် သီချင်းသာဖြစ်ဖြစ်နေ၍ ခြေကကို တော်ရာ ချောင်ထိုးထားရလေသည်။

မောင်သန်းဆွေသည် ချစ်စမ်းယဉ်သီချင်းကို မေ့အား သင်ပေး၏။ မေလည်း ကြိုးစား၍လေ့လာရာ နောက်ဆုံး၌ မောင်သန်းဆွေ စန္ဒရားတီးလျက်။ မေက ဆိုနိုင်သည့်အဖြစ်သို့ရောက်ခဲ့လေသည်။

သူတို့နှစ်ယောက်သည် အတော်ကလေး ပျော်ကြသည်။ ထို့အတွက် မောင်သန်းဆွေမှာ ကျောင်းသွားခါနီး မေနှင့်နှုတ်ဆက်ရသည်မှာအမော... ပြန်လာသည်နှင့်အပေါက်ဝတွင် စောင့်နေသော မေထံပြေး၍ လက်ဆွဲနှုတ်ဆက်ရသည်မှာ တာဝန်တစ်ရပ်နှင့်ဖြစ်နေလေရာ၊ လူကြီးများမှာလည်း ကလေးများကို ကြည့်၍ တပြုံးပြုံးနှင့် ဖြစ်နေရလေသည်။

mgyoe.com

mgyoe.com


ထိုနေ့ကား တနင်္ဂနွေနေ့ဖြစ်လေသည်။

မောင်သန်းဆွေနှင့် မေတို့သည် အိမ်ပေါ်ထပ် ပြတင်းပေါက်မှနေ၍ ပန်းခြံတွင်းသို့ ကြည့်နေကြလေသည်။ ထိုခဏ၌ မော်တော်ဆိုင်ကယ်တစ်စီးသည် ခြံတွင်းသို့ ကွေ့ဝင်လာလေသည်။

"ဟိုလူဟာ ဘယ်သူလဲ.. ဟင်..."

"ဩော်... ဆရာကိုမြင့်မောင်လေ... တနင်္ဂနွေနေ့တိုင်း ကိုယ့်ကို စန္ဒရား လာလာသင်ပေးတာ..."

"ဘယ်လောက်ကြာကြာသင်သလဲကိုကို..."

"နှစ်နာရီ... သုံးနာရီလောက်ပါ..."

"ဟင်... ဒါဖြင့် မေအကြာကြီးစောင့်နေရမှာပေါ့"

"အနား လာနားထောင်နေပါလား။ ဒီနေ့ဟိုသီချင်းအသစ် ညောင်းရွက်လေချိုကိုတက်မယ်"

"ဟင့်အင်း မလိုက်ဘူး... မေအပေါ်က နားထောင်နေမယ်..."

ကလေးနှစ်ယောက်သည် အပေါ်မှဆင်းရန် လှေကားတစ်ဆစ်ချိုးဆီသို့ ပြေးလာကာ လှေကားပေါ်မှ အဆင်း ရုတ်တရက်ခြေလှမ်းများ တန့်သွားသည်။

ဒေါက်တာသန်းဝင်း ဦးမင်းညိုနှင့် ဒေါ်ဒေါ်ကြည်တို့သည် ဆရာကိုမြင့်မောင်အား အားရဝမ်းသာနှုတ်ဆက်နေကြလေသည်။

နှုတ်ဆက်နေစဉ် ဆရာကိုမြင့်မောင်သည် အိတ်တွင်းမှ စာတစ်အုပ်ကို ထုတ်ယူလိုက်လေသည်။ အားလုံးပင် တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

"ကိုမြင့်မောင် ရှင်တကယ်ပဲ ရေးတာပေါ့ဟင်..."

"ဟုတ်တယ်... မကြည်... ဒါပေမဲ့ နာမည်တွေ နေရပ်တွေ အကုန်လွှဲထားပါတယ်"

"လွှဲထား လွှဲထား ရှင်တစ်နေ့ကျ..."

ဒေါက်တာသန်းဝင်းသည် အားရပါးရရယ်လေသည်။ သို့ရာတွင် ၎င်း၏ ရယ်ပုံကြီးမှာ အဆံမရှိသော အရာတစ်ခုကို တီးလိုက်သည်နှင့်တူလေသည်။

"အို... ကိစ္စမရှိပါဘူး။ ဒီကိစ္စတွေ အပြင်လူမှ မသိဘဲဟာ၊ နောက်ပြီး ဒီလို ဇာတ်လမ်းမျိုးကို ကိုမြင့်မောင်တို့လို စာရေးဆရာတွေက ကြိုက်တော့မှာပေါ့... ဟား... ဟား"

mgyoe.com